# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဆေးသမားကြီး(IDP)စခန်းမီးလောင်ပြင်အား ရှင်းလင်းပြီးစီးမှုနှင့် ယာယီမိုးကာတဲများဆောက်လုပ်ပေးနေမှု ကြည့်ရှုစစ်ဆေး



**စစ်တွေ မေ ၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတပ်နယ်မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ် ဆေးသမားကြီး(IDP)စခန်း မီးလောင်ပြင်အား ရှင်းလင်းပြီးစီးမှုနှင့် ယာယီမိုးကာတဲများ ဆောက်လုပ်ပေးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

**သွားရောက်ကြည့်ရှု**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် ဆေးသမားကြီး(IDP)စခန်း မီးလောင်ပြင်အား ရှင်းလင်းပြီးစီးမှုကို သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မီးဘေးသင့်ပြည်သူများအား နယ်မြေခံတပ်မတော်ဆေးအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာ ကြည်လွင် ဦးဆောင်၍ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ မီးဘေးသင့်ပြည်သူများအား သောက်သုံးရေးများ ဖြန့်ဝေပေးနေမှုနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေသန့်ဆေးပြားများ ဖြန့်ဝေပေးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မီးဘေးသင့်ပြည်သူများအတွက် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ယာယီမိုးကာတဲများ ဆောက်လုပ်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မိုးကာတဲများ စနစ်တကျ ဆောက်လုပ်ပေးပြီး နေရာချထားကြရန်၊ မီးဘေးသင့်ပြည်သူများအတွက် သန့်ရှင်းသောရေရရှိရေး၊ ယင်လုံအိမ်သာများအသုံးပြုနိုင်ရေး၊ စနစ်တကျ ချက်ပြုတ်စားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

စစ်တွေမြို့နယ် ဆေးသမားကြီး(IDP)စခန်းတွင် မေ ၂ ရက် နံနက် ၄ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားရာ မီးလောင်ကျွမ်းမှုကြောင့် (၁၀)ခန်းတွဲ လူနေအဆောင် ၁၈ ဆောင် မီးလောင်ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၈၀ မှ လူဦးရေ ၁၂၆၀ မီးဘေးကြုံတွေ့ခဲ့ရသည့်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက မီးဘေးသင့်အိမ်ထောင်စု ၁၈၀၊ လူဦးရေ ၁၂၆၀ အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၆၃၀၀၀၀၀ နှင့် ငွေကျပ် ၁၉၃၈၂၀၄၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံး ၁၈၀ ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ASEAN Family Tent ၁၈၀ နှင့် Jerry Can ရေပုံး ၁၈၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယာယီနေထိုင်ရေးအတွက် လိုအပ်သည်များကို ပြည်နယ်အစိုးရအဖွဲ့က ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်တွေမြို့နယ်တွင် မတ် ၁ ရက်ကလည်း ခေါင်းဒုက္ကာကျေးရွာအုပ်စု ခေါင်းဒုက္ကာ(၂) IDP စခန်း မီးလောင်မှုဖြစ်ပွားခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က ဆန်ရိက္ခာဖိုး၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ယာယီနေထိုင်ရန်စီစဉ်ဆောင်ရွက်ပေးထားကြောင်းနှင့် မီးလောင်ပျက်စီးခဲ့သည့်တဲတန်းလျားများ ပြန်လည်ဆောက်လုပ်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၂၈၇၂ ဒသမ ၀၃၁ သန်းကျခံ၍ ပြန်လည်ဆောက်လုပ်ရန် စီမံပေးထားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် မေ ၄**

မန္တလေးတိုင်းဒေသကြီးသာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၉ ရက် ည ၈နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ အနီးတွင် အောင်ပန်းမှ ရန်ကုန်သို့ တင့်ဇော်လင်း(ခ)တင့်ဇော် မောင်းနှင်ပြီး မဇာနည်လင်း လိုက်ပါလာသည့် MITSUBISHI FUSO ခြောက်ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ တန်ဖိုးငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ် ဆေးပြားများ တင်ဆောင်ပေးသူ ရဲသွေးအောင်(ခ) ဖိုးလပြည့်အား အောင်ပန်းမြို့ ဗိုလ်ချုပ်ကွင်းရှိ ကုန်စည်ပို့ဆောင်ရေးဂိတ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ အဆိုပါ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ် ဆေးပြားများကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# အုတ်တွင်းမြို့နယ်၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုသိုလ်ပြုလုပ်ငန်းများဆောင်ရွက်

**အုတ်တွင်း မေ ၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ကြက်သွန်ခင်း(၂) ရပ်ကွက် ဗောဓိကုန်း ကျောင်းတိုက်နှင့် ကျွဲပွဲမြို့ စိတ္တာသုခကျောင်းတိုက်ဝင်းအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများအား မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်မြင့် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက မေ ၂ ရက် နံနက်ပိုင်းတွင် ကုသိုလ်ပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ကုသိုလ်ပြု ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်မြင့် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ကုသိုလ်ပြုလုပ်ငန်းအဖြစ် ဗောဓိကုန်းကျောင်းတိုက်နှင့် ကျွဲပွဲမြို့ စိတ္တာသုခကျောင်းတိုက်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ဘုရားပရိဝုဏ်အတွင်း အမှိုက်များရှင်းလင်းခြင်း၊ ဘုရားပန်းများ ကပ်လှူပူဇော်ခြင်းနှင့် ဘုရားရင်ပြင်တော်သန့်ရှင်းရေး လုပ်ငန်းများကို ကုသိုလ်ပြု ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**



**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Lwin Han Ko” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာနေ လှမင်းဦး(ခ)လှကြီးအား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် သစ်ပုတ်ပင် နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**